ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## ကျွန်မဘဝရဲ့အလင်းအိမ်



အချစ်

လုံးချင်းဝတ္ထုသစ်

# အခန်း (၁)

ကြည်ပြာရီဝေသော xxx အကြည့်နဲ့ ညှို့တတ်သူ xxx ကျွန်မရဲ့ ကြင်နာသူ xxx သူ့အကြည့် ဘဝင်မှာ ဆူ xxx ရင်ခွင်လွှာကိုပူ xxx နှလုံးသားလေးတွေစူးလို့ xxx အသည်းထဲပေါက်အောင် ကြည့်တဲ့ ကျွန်မချစ်သူ xxx ကြည်ပြာရီဝေသော xxx အကြည့်နဲ့ ညှို့တတ်သူ xxx သူဟာ ကျွန်မရဲ့ ကြင်နာသူ xxx သူဟာလေ ကျွန်မရဲ့ ကြင်နာသူ xxx "ရောင်ခြည်ဝေး"

နီးနီးကပ်ကပ်နှင့် စူးခနဲခေါ်လိုက်သော အသံကြောင့် ဂစ်တာကြိုးပေါ်က လက်တွေလည်း ရပ်၊ သီချင်းအသံကလည်း တိခနဲ ပြတ်သွားသည် ။

"နင် လူလိုနားမလည်ဘူးလား"

"ဝေး .... ဘာလုပ်လို့ လဲ မေမေရဲ့ "

ပြန်မေးလိုက်သံကပင် မရဲတရဲ မပွင့်တပွင့်ရယ်ပါ။

"ဘာလုပ်လို့ လဲ ဟုတ်လား"

မေးလိုက်သံက မညင်သာသလို၊ ခါးထောက်နေရာကနေ သူမ၏ခေါင်းကို သုံးလေးချက် ဆင့်ခေါက်၏။

"အဲဒါ မထုံတက်တေးလုပ်ဦး"

"ဒေါက်!"

"လူလိုမသိဦး"

"အာ"

"ဒေါက်!"

"အား ..."

ဝေး ခေါင်းကို လက်ဝါးလေးနှင့် ဖိအုပ်လိုက်တော့ ရင်ခွင်ထဲမှ ဂစ်တာလေးသည် အောက်သို့ ပစ်စလက်ခွတ် ပြုတ်ကျသွား၏။

မေမေရဲ့ လက်ဆစ်တွေ ဝေးခေါင်းပေါ်မှ ရုတ်သိမ်းသွားခြင်းနှင့်အတူ ...

"ဒါ လူတွေအိပ်ချိန်ဆိုတာ နင်နားမလည်ဘူးလား။ ဒီ ဂစ်တာ တဒေါင်ဒေါင်လုပ်နေတာ ကျန်တဲ့ သူတွေက ဘယ်လို အိပ်လို့ ရမှာ လဲ ယောက်ျားမိန်းခွေးထီးမရဲ့ "

"ဝေး တိုးတိုးလေး တီးနေတာပါ"

"ဘာ!"

ခေါင်းကို ငုံ့ထားလိုက်ပေမယ့် နားက ကြားနေရဦးမှာ ပါ။ ဆုံးမသြဝါဒဆိုတဲ့ စကားအရာလေး မြောက်အောင်များ ပြောပါတော့လား။

"ဒီအချိန်က အပ်ကျရင်တောင် ကြားရတဲ့ အချိန်တဲ့ ။ သူများ တွေက တစ်နေကုန် တစ်နေခမ်း ပင်ပန်းလာကြတာ၊ နားအေးပါးအေး မအိပ်ရဘူး။ ဒီအိမ်မှာ သူများ လုပ်စာကို နင့်လို ထိုင်စားနေတဲ့ သူတစ်ယောက်မှ မရှိဘူး။ နားလည်လား။ သူများ ရှာကျွေးတာကို အေးအေးဆေးဆေး ထိုင်စား၊ ပြဿနာမရှာနဲ့ "

ဝေး နှာခေါင်းထဲမှာ စပ်ဖျဉ်းဖျဉ်းဖြစ်သွားပြီး မျက်ရည်က ချက်ချင်းဝေ့တက်လာသည် ။

ဂစ်တာတီးပြီး သီချင်းဆိုမိတာသည် ပြဿနာရှာရာ ရောက်သလား။ ဝေးဘဝမှာ ဒီဂစ်တာလေးကပဲ အဖော်၊ ဒီဂစ်တာလေးကပဲ အားပေးနှစ်သိမ့်သူ။ အိမ်မှာ မိသားစုစာရင်းဝင် အဖြစ် ဝေးကို မလွဲသာလို့ သတ်မှတ်ထားကြတဲ့ ဘောင်တွေ စည်းတွေထဲမှာ ...

ဝေးကို ဘယ်သူက ဂရုတစိုက်နဲ့ ခေါ်ပြောဆက်ဆံကြလို့ လဲ။ အပယ်ခံဘဝနဲ့ တောင်းဆိုး ပလုံးဆိုးမဟုတ်လို့ သာ မပစ်ပယ်ကြတာ။ ဝေး စိတ်ချမ်းသာနိုင်ပ့ါမလား။

အမြဲတမ်း အားငယ်နေရတဲ့ ဝေးဘဝအတွက် ဂစ်တာတီးပြီး သီချင်းဆိုတာသည် စိတ်ရဲ့ ထွက်ပေါက်တစ်ခုပါပဲ။

"ပေးစမ်း! ဒီဂစ်တာ"

"အို ... မေမေ"

ဝေး ကောက်ယူလိုက်တဲ့ ဂစ်တာကို ဒေါ်ပပခိုင် ဆွဲယူလိုက်၏။

"မေမေ ဘာလုပ်မလို့ လဲ"

"ရိုက်ချိုးပစ်မလို့ "

"မေမေ မလုပ်ပါနဲ့ "

"ဖယ်စမ်း! ဒီဂစ်တာမရှိမှ အေးမှာ "

"မလုပ်ပါနဲ့ မေမေရယ်၊ သမီးတောင်းပန်ပါတယ်"

"ဖယ်စမ်းလို့ ငါပြောနေတယ်နော်"

"မေမေမကြိုက်ရင် နောက် ဝေး မတီးတော့ပါဘူး မေမေရယ်၊ ရိုက်

တော့မချိုးပါနဲ့ နော်”

“ရိုက်ချိုးမှ ကို အေးမှာ ၊ လွှတ်”

ဂစ်တာတစ်လက်ကို နှစ်ယောက်လုနေကြစဉ် ...

“ဟော့! ပပခိုင် အခုရပ်လိုက်စမ်း”

“မေမေ”

ဒေါ်သင်းသင်းလှဲ့ ထဘီတစ်စ မ,၍ အပြေးတစ်ပိုင်းနှင့် ရောက်လာမှ ဒေါ်ပပခိုင် ဂစ်တာကို လွှတ်ပေးလိုက်၏။ ဂစ်တာသည် ကိုယ့်ဘက်သို့ပါလာပြီး ရိုက်ချိုးမခံရပေမယ့် ...

မေမေ့ မျက်စောင်းကတော့ ဝေးရဲ့ နှလုံးသားကို ရိုက်ချိုးနေသလိုပါပဲ။

“ဝေးကလည်း ညည်းမွေးထုတ်ထားတဲ့ သမီးပါပဲ ပပခိုင်ရယ်။ ဒီကလေး ဘာပဲလုပ်လုပ် ညည်းတို့ အကောင်းကို မမြင်ကြဘူး။ မိဘဆိုတာ စုန်ရေပဲ ရှိတာပါအေ့၊ ညည်းတို့ ကျမှ ... ဟွန်း”

“သူက အကောင်းမြင်စရာရှိလို့ လား မေမေရဲ့ ၊ သင်းကို သန္ဓေတည်ကတည်းက နက္ခတ်ဆိုးနဲ့ ယှဉ်လာတာ”

“အဲဒါ ဘယ်ဗေဒင်ဆရာက ဟောလိုက်တာလဲ”

ဒေါ်ပပခိုင် မဖြေနိုင်။

ဘယ်ဗေဒင်ဆရာကမှ ဟောတာမဟုတ်ပေမယ့် ဝေးကို ကိုယ်ဝန်လွယ်ထားရတဲ့ အချိန်မှာ သမီးကြီးက တရှောင်ရှောင်နှင့် ကျန်းမာရေးမကောင်းလို့ မနည်းကုလိုက်ရတာ။

သမီးကြီး နေကောင်းပြန်တော့ ဝေးကို ဆေးရုံမှာ ခက်ခက်ခဲခဲနှင့်

မွေးခဲ့ရသည် ။ ဆေးရုံကို လိုက်လာတဲ့ ဖအေလုပ်သူမှာ လည်း ဆိုင်ကယ်မှောက်လို့ ဆေးရုံတက်ရ။

နောက်ပိုင်း ... စီးပွားရေးက အဆင်မပြေ။

ဒါတွေအားလုံးကို ဆက်စပ်ပြီး ခြင်္ဂုံသုံးသပ်ကာ ဝေးကို နက္ခတ်ဆိုးနှင့်ယှဉ်မွေးတယ်လို့ အယူသည်းခဲ့ကြတာ ယခုထက်ထိ။

"ပြောလေ ပပခိုင်"

"ပြောစရာတောင်မလိုဘူး မေမေ၊ ဒီကောင်မ မိဘကို ကောင်းကျိုးပေးတာ ဘာရှိလဲ"

"ဒီမှာ ပပခိုင်"

ဒေါ်သင်းသင်းလှဲ့ သမီးဖြစ်သူကို ခပ်စူးစူးကြည့်လျက်

"ညည်းတို့ ဝါဝင်ဝါထွက် ဆွမ်းချိုင့်ဆွဲပြီး ဘုန်းကြီးကျောင်းသွား၊ ဥပုသ်သီလဆောက်တည် တာ ဟင်းကောင်းစားပြီး မိတ်ဆွေတွေနဲ့ ပျော်ပျော်နေဖို့ လား"

"မေမေကလည်း မဟုတ်တာ"

"မဟုတ်ရင် ဘာလဲ၊ တရားနာဖို့ သွားတာဆိုရင် တရားသဘောကို နားလည်ရမယ်လေ။ မသိရင် မှတ်ထား၊ အရာအားလုံးဟာ ဖြစ်ချိန်တန်လို့ ဖြစ် ပျက်ချိန်တန်ရင် ပျက်မှာ ပဲ"

ဒါကိုပဲ ဒေါ်ပပခိုင် လက်မခံနိုင်တာ။ သူမစိတ်ထဲမှာ စွဲနေတာက ရောင်ခြည်ဝေး အနားမှာ ရှိနေရင် ဘာလုပ်လုပ် အဆင်မပြေဘူးဆိုတာ ပါပဲ။

ဝေးကို မွေးပြီး စီးပွားကျမလိုဖြစ်နေချိန်မှာ သမီးငယ် ကြယ်စင်ချို

လေးကို ကိုယ်ဝန်ထပ် ဆောင်မှ ကံဆိုးခြင်းတွေမှ လွတ်မြောက်ခဲ့သည် ဟု ယူဆသည် ။

ဘာကြောင့်လဲဆို ...

စီးပွားရေးက တစ်မဟုတ်ခြင်း ပြန်တိုးတက်လာခဲ့သည် ကိုး။ ယှဥ်စရာတွေရှိလာလို့ ယှဥ်ခဲ့တာ သူမတို့ မှားသလား။

"သမီးတို့ က စီးပွားရေးသမားတွေပဲ မေမေ။ အရာအားလုံးကို တရားသဘောနဲ့ လိုက်မြင် မပေးနိုင်ဘူး"

"မမြင်ချင်လည်း နေလေ၊ ငါ့မြေးလေးကိုလည်း အပြစ်လိုက်မရှာနဲ့ ။ ညည်းတို့ မေတ္တာ မထားရင် နေပါ၊ မဖိနှိပ်ပါနဲ့ "

"မေမေနဲ့ တော့ ခက်တယ်"

"ဘာခက်စရာရှိလို့ လဲ၊ လွယ်တာကို ခက်အောင် လုပ်နေတာက ညည်းတို့ "

"ဝေးရဲ့ အမေက သမီးပါ"

"ညည်း ဒီကလေးအပေါ်မှာ မိခင်ပီသခဲ့လို့ လား"

"မိခင် မပီသရအောင် သမီးဘက်က ဘာတွေများ ဝတ္တရားပျက်ခဲ့လို့ လဲ"

"ဘာ!"

ဒေါ်သင်းသင်းလှဲ့ ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရ၏။ မြေးလေးမျက်နှာကို တစ်ချက်ငဲ့ကြည့်တော့ မျက်ရည်လေးတွေ ဝေ့နေတာကို မြင်မှာ စိုးလို့ ခေါင်းငုံ့နေရှာသည် ။

ပြောပုံကိုက ဝတ္တရားကို ရှေ့တန်းတင်လာတာ၊ ဘယ်မှာ လဲ မိခင်

မေတ္တာ။ ဝေးကို အရုပ်ဆိုးလို့ ပွဲမထုတ်ချင်ရင်နေပါ၊ လူကွယ်ရာမှာ တော့ နွေးထွေးပျူငှာရင် တော်သေးတာပေ့ါ။

"ညည်းလိုအမေမျိုးကတော့ ရှားပါတယ် ပပခိုင်ရယ်"

"ရှင်!"

"ဘွားဘွား"

ဒေါ်သင်းသင်းလှဲ့၏ အသံက တုန်ယင် အက်ကွဲနေ၏။ ဘွားဘွားလို့ ခေါ်ပြီး မအေကို အားနာ သလို ကြည့်လိုက်တဲ့ ဝေးရဲ့ မျက်လုံးတွေမှာ ဝမ်းနည်းအားငယ်ရိပ်တွေ အပြည့်နှင့်ပါ။

"မေမေ့ကို မပြောပါနဲ့ ဘွားဘွားရယ်၊ ဝေး မှားတာပါ၊ တကယ်ဆို ဝေးကိုက ကုသိုလ်ကံ အကျိုးပေးမကောင်းလို့ ဘာပဲလုပ်လုပ် အမှားတွေပဲ ဖြစ်နေခဲ့တာပါ"

"မြေးလေး"

"နောက်ကို ဝေး ဆင်ခြင်ပါ့မယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဝေးကို ရန်ကုန်မှာ အဆောင်ငှားပေးပါ။ အဆောင်မှာ နေပြီး ဝေး တစ်ဝမ်းတစ်ခါးအတွက် အလုပ်တစ်ခုခု ရှာလုပ်ပါ့မယ်"

"ဘာပြောတယ်!"

ဒေါ်ပပခိုင်၏ အသံမှာ စီခနဲဖြစ်သွားပါ၏။ ဒီစကားက ဘယ်လိုအဓိပ္ပာယ်သက်ရောက်မှု ရှိသလဲဆိုတာ သူမသိဘူးလား။

"နင်က ငါ့ကို ကဏာကောစ လုပ်တာလား ဝေး"

"အို! မဟုတ်ပါဘူး မေမေရယ်၊ ဝေးက စိတ်ရင်းမှန်နဲ့ ပြောတာပါ။ ဝေးရှိနေရင် မေမေတို့ ..."

“တော်စမ်း!”

ဒေါ်ပပခိုင် စူးရဲသောမျက်ဝန်းများ နှင့် ဝေးကိုကြည့်၏။

သူပြောတာကို လက်ခံလိုက်လျှော့ပေးကြည့်ပါလား။

မိခင်ဖြစ်ပြီး မိခင် မပီသဘူး၊ သမီးသုံးယောက်ရှိနေပါလျက် ကျန်နှစ်ယောက်ကိုတော့ ဦးစား ပေးပြီး သူ့ကျမှ ရုပ်ဆိုးလို့ ပစ်ပယ်ဆက်ဆံတယ်ဆိုတဲ့ အပြစ်က ဓားတွေ မြားတွေလို ကိုယ့်ဆီ ပစ်ဝင်လာမယ်ဆိုတာ ဝေး မစဉ်းစားမိဘူးလား။

“နင်က ငါ့ကို ပတ်ဝန်းကျင် လက်ညှိုးထိုး မေးငေါ့ကဲ့ရဲ့ တာကို ခံစေချင်တာလား ဝေး”

“ပပခိုင်”

“မေမေ”

“ညည်း ဘာမှ ငါ့မြေးကို မပြောနဲ့ ၊ ဝေးအသံကို မကြားချင်ဘူးဆိုရင် နားပိတ်ထား။ မမြင်ချင်ရင် မျက်လုံးမှိတ်၊ နေရာတကာ လိုက်မပြောနဲ့ ။ ငါ မကြိုက်ဘူး ... လာ, မြေး”

ဒေါ်သင်းသင်းလှဲ့ မြေးမလေးလက်ကိုဆွဲ၍ အိမ်ထဲသို့ ဝင်ခဲ့တော့၏။ သူမရင်ထဲမှာ တော့ အမြဲတမ်း အားငယ် သိမ်ငယ် နေရရှာသောဝေးအတွက် သနားငဲ့ညှာခြင်းနဲ့ ဘောင်ခတ်ထားသော အချစ်တွေ စုပုံလျက်သာ။

*

# အခန်း (၂)

ဝေး ကိုယ့်အခန်းထဲရောက်မှ မျက်ရည်ပူတွေက ပါးပြင်ပေါ်သို့ တလိမ့်လိမ့်ပြိုဆင်းလာ သည် ။

ဘယ်လိုဝဋ်ကြွေးများကြောင့် ဝေးကို ဒီလိုပုံစံ ဖန်ဆင်းပေးထားပါသလဲ ရှင်တော်မြတ် ဘုရား။ နောင်ဘဝဆိုတာများ ရှိခဲ့ပါသေးရင် ဘဝအဆက်အဆက်မှာ ဒီလိုသောကတွေနဲ့ မကြုံဆုံ ရပါစေနဲ့ ။ ဒီလိုအပယ်ခံဘဝနဲ့ လူဖြစ်ရမယ့်အစား ပြိတ္တာဘဝကို ပေးသနားတာကမှ စိတ်ချမ်းမြေ့ ဖွယ်ရှိပါဦးမည်။

အတွေးပေါင်းစုံဖြင့် လူးရင်းလှိမ့်ရင်း ...

ဝေး နှစ်နာရီကျော်မှ အိပ်ပျော်သွားလေတော့၏။

"ဒေါက်! ဒေါက်!"

"မြေး"

"ဒေါက်! ဒေါက်!"

"မြေးရေ"

"အင်"

အအိပ်ဆတ်သောဝေး၊ ဘွားဘွားခေါ်သံကြောင့် အိပ်ရာပေါ်မှ လူးလဲထလိုက်၏။

“မြေး … ထတော့လေ”

“နိုးပြီ ဘွားဘွား”

နိုးပြီလို့ လှမ်းအော်လိုက်ပေမယ့် ဘွားဘွား ချက်ချင်းထွက် မသွားသေးဘဲ ဝေးအခန်းရှေ့မှာ ရပ်နေဦးမည်ဆိုတာ ဝေးသိ၏။

ထို့ကြောင့် …

အမေမွေးကတည်းက ပင်ကိုအတိုင်း ကွေးကောက် လိမ်ပိန်နေသော ဆံပင်တွေကို လက်ချောင်းလေးများ နှင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် သပ်ချပြီး ဖြီးသင်လိုက်သည် ။

အိပ်ရာထဆိုတော့ …

ကွေးကွေးကောက်ကောက်ဆံပင်တွေက ပွယောင်းနေမှာ မလွဲမသွေ ။ မမလဝန်းဆိုရင် ဝေး အိပ်ရာထချိန်နှင့် မနက်စောစော လှေကားရင်းမှာ ဆုံမိကြတော့ ဝေးကိုလန့်ပြီး တစ်ခါက ရှော့ခ် ဖြစ်ခဲ့ဖူးသည် အထိ။

“ချပ်!…”

“ဘွားဘွား”

“အိပ်ပုပ်မလေး … ရှစ်နာရီထိုးနေပြီ”

“ညက နှစ်နာရီကျော်မှ အိပ်ပျော်သွားလို့ ပါ ဘွားဘွားရဲ့ ။ အဲ … အဟဲ”

ပြောပြီးမှ ပါးစပ်ကို လက်နှင့်ပြန်ပိတ်လိုက်သောမြေးကိုကြည့်ပြီး ဒေါ်သင်းသင်းလှဲ့ ဂရုဏာ သက်မိသွား၏။

ညက …

ပပခိုင်ရဲ့ အပြုအမူနဲ့ စကားတွေအတွက် မြေးလေး ဝမ်းနည်းအားင

ယ်ပြီး အိပ်မပျော်တာပဲ ဖြစ်မှာ ပေါ့။

"မြေး"

"ရှင် ... ဘွားဘွား"

"ဒီနေ့ ဘွားနဲ့ မြေး ဈေးချိုထဲကိုသွားမယ်။ ပြီးရင် တစ်နေကုန် လျှောက်လည်ကြမယ်။ ရေချိုး အဝတ်အစားလဲနော် မြေး"

"တကယ်!..."

"တကယ်ပေါ့ မြေးရဲ့ ၊ ကဲ! ဒီနေ့ လှလှလေးပြင်"

"ပြင်လည်း ဒီမျက်နှာက မလှပါဘူး ဘွားဘွားရယ်"

ဝေး မျက်နှာငယ်ငယ်လေးနှင့်ပြောတော့ ဒေါ်သင်းသင်း စိတ်မချမ်းသာ။ မြေးလက်ကလေး ကို ဆုပ်ကိုင်၍ ...

"လူတစ်ယောက်မှာ အလှတစ်မျိုးစီ ရှိကြတယ် မြေးရဲ့ ။ ဒေါင်းကလည်း ဒေါင်းအလှ၊ ကျီး ကလည်း ကျီးအလှပေါ့။ ဘယ်လောက်လှတဲ့ သူပဲဖြစ်ဖြစ် လိုအပ်ချက်တစ်ခုတော့ ရှိသလို၊ ရုပ်ဆိုးတဲ့ သူမှာ လည်း လှတာလေးတစ်ခုတော့ ရှိပါတယ် မြေးရယ်"

"ဝေးမှာ က လှတာဘာရှိလို့ လဲ"

"ရှိတာပေါ့မြေးရယ်၊ မြေးတို့ ညီအစ်မသုံးယောက်ထဲမှာ ခန္ဓာကိုယ် အလှကောက်ကြောင်း မြေးက အလှဆုံးပဲ"

ဝေး သူမ၏ ခန္ဓာကိုယ်လေးကို ငုံ့ကြည့်လျက် ...

"ခန္ဓာကိုယ်လှတာနဲ့ ဘာမှ မဟုတ်သေးဘူး"

"မျက်လုံးလေးလဲ လှတယ်လေ"

"မမလဝန်းနဲ့ ကြယ်စင်က ပြည့်စုံတယ်လေ"

"ဒီလောက် ပိန်ကပ်ကပ်ကလေးကို"

"အဲဒါ မော်ဒယ်ကိုယ်လုံး ဘွားဘွားရဲ့ "

"ဘာမော်ဒယ်လဲ၊ ပိန်တော့ ရှုနာရှိုက်ကုန်းပုံစံပေါက်ကရော။ အင ယ်မကျတော့ အရပ်ကြီး ရှည်တော့ လှတာတောင် အခြောက်ပုံစံပေါက် နေတာ"

ဝေး သွားတန်းညီလေးတွေပေါ်အောင် ရယ်လိုက်မိပါ၏။ လူတစ် ယောက်ကို ချစ်တဲ့ မျက်လုံး နဲ့ ကြည့်ရင် ချစ်စရာလေး။ အပြစ်မြင်တဲ့ မျ က်လုံးနဲ့ ကြည့်ရင် အပြစ်တွေချည်းပဲပေ့ါ။

ခုလည်း ...

ဘွားဘွားက မြေးသုံးယောက်ကို မျက်လုံးနှစ်မျိုးနဲ့ ကြည့်လိုက်သည် ထင်ပါရဲ့ ။ ဟိုနှစ်ယောက် ကြားလို့ ကတော့ သူတို့ အလှကို အပြစ်တွေဖွဲ့ရမလားဆိုပြီး နှုတ်ခမ်းတွေ စူကုန်တော့မှာ ပဲ။

"ဘွားဘွားရဲ့ မြေးလတ်ကလေးကမှ အသံချိုတဲ့ ရွှေဥဩလေး"

ဝေးပါးပြင်လေးကို ပွတ်ပေးရင်းပြောတော့ ...

"တော်ပါတော့ ဘွားဘွားရယ်၊ ဘွားဘွား မြှောက်တာနဲ့ ပဲ မြေး ဦး မာဃအိမ်ရှေ့ကို ခေါင်းစိုက်ရတော့မယ်။ ရေသွားချိုးတော့မယ်နော်"

"ရွှတ်!"

"ဩော် ... ဒီကလေးနှယ်"

ဝေးက ဘွားဘွားရဲ့ ပါးပြင်ကို ရွှတ်ခနဲနမ်းပြီး လှေကားစီမှ ပြေးဆ င်းသွားလေသည် ။ ဒေါ်သင်းသင်းလဲ့လည်း အောက်ထပ်သို့ ဆင်းလာခဲ့

၏။ သူမ၏ အယူဝါဒကတော့ ...

ပြည့်ပြီးသားကန်ထဲကို မိုးရွာချမယ့်အစား၊ ကန္တာရလွင်ပြင်မှာ နှင်းစက်ကလေးတစ်ပေါက် ကြွေကျပေးခြင်းသည် ပိုပြီး အကျိုးရှိလိမ့်မည်ပေ့ါ။

အကြီးမ လဝန်းပျို့နဲ့ အငယ်မ ကြယ်စင်ချိုတို့ က ကန်ထဲက ကြာပွင့်တွေလေ။ မြေးလတ်ကလေးမှာ သာ မေတ္တာမိုးခေါင်ရပ်ဝန်းဒေသက မြက်ခြောက်ပင်လေးဘဝ။ ဝေးအတွက် သူမသာလျှင် မေတ္တာလက်ဖြင့် ဖေးမပေးသူ။ မြေးလတ်ကလေးရယ်၊ ဘွားဘွားမသေခင်အထိတော့ မြေးလေးဘဝ မညှိုးနွမ်းမခြောက်သွေ့အောင် ဘွားဘွားရဲ့ မေတ္တာရေစင်နဲ့ ပက်ဖြန်းပေးပြီး မြေးရဲ့ ဘဝကို လန်းဆန်းစေရမှာ ပါ။

“ဘွားဘွား”

“ဟေ”

“သွားမယ်”

“အေး”

ကိုယ့်အတွေးနှင့်ကိုယ် မျောနေတုန်း ဝေးရောက် လာပြီး လက်မောင်းကို ဖက်လေသဖြင့် ကမန်းကတန်းထရပ်လိုက်စဉ် ...

“ဘွားဘွား”

“ဟေ!”

ခေါင်းသံနှင့်အတူ လက်ကိုင်အိတ်ကို မွှေ့ရမ်းလျက် လျှောက်လာသူက ကြယ်စင်။

ဘွားဘွားက မမေးသေးဘဲ ဝေးက ...

“ဘာလဲ ကြယ်စင်”

“ဘာမှ မလဲဘူး၊ မတ်တပ်ရပ်နေတာ မဝေး မမြင်ဘူးလား”

“ဟဲ့! ကြယ်စင်၊ ကိုယ့်အစ်မကို ဘယ်လိုပြောလိုက်တာလဲ”

ဘွားဘွားကို ခံမပြောရဲလို့ ပါးစပ်ပိတ်သွားသည့်တိုင် မျက်စောင်းက တော့ ဝေးထံသို့ ဝေ့လာ၏။ ဝေးက ကြယ်စင့်ထက် အကြီးပေမယ့် ဦး စားပေးခံရသူက ကြယ်စင်ပဲမို့ ...

ဝေ းအ ပေ ါမ ၂ ၁ ကြယ်စင် ရှိသေခန့်ငြားခြင်းမရှိတာ ဆန်းတော့မဆန်းပါဘူး။ မေတ္တာတရားနှင့် ခွင့်လွှတ်လိုက်တာသည် ကြောက်လို့ တော့မဟုတ်။

အပယ်ခံဘဝကနေ အပဲ့ခံဘဝရောက်မှာ ကို စိုးတာ။ ဘွားဘွားက ကြယ်စင်ကို မေးဆတ်ပြ လျက် ...

“ခေါ်ပြီး ဘာပြောမလို့ လဲ၊ ပြော”

“ဘွားဘွားနဲ့ မဝေး လျှောက်လည်ကြမလို့ မဟုတ်လား၊ စောစောက ပြောသံကြားလိုက်လို့ ”

“ဟုတ်တယ်”

“ကြယ်စင်လည်း လိုက်မယ်”

ဘွားဘွားက ဝေးကိုလှည့်ကြည့်လေတော့ ဝေး ခေါင်းညိတ်ပြလိုက် သည် ။ လိုက်ချင်တာ လိုက်ပါစေပေါ့။ ကြယ်စင့် စိတ်ထဲမှာ ဘာရှိသည် ဆိုတာ ဝေးသိ၏။

ဝေးလိုရုပ်ဆိုးမနဲ့ တွဲသွားမှ ကြယ်စင့်အလှက ပိုပြီး ထင်ပေါ်မှာ လေ ။ ထင်ပေါ်ချင်တဲ့ သူတွေ အတွက် အဖြည့်ခံအဖြစ် ဝေးက လူဖြစ်လာခဲ့

တာ။

“လိုက်ချင်လိုက်ခဲ့လေ”

*

# အခန်း (၃)

"ဟယ်! ... လူတွေအများကြီးပါလား၊ ဘာလုပ်နေကြတာလဲမသိဘူး"

ကြယ်စင့်စကားကြောင့် ဝေး လူအုပ်ကြီးရှိရာဘက်သို့ ငဲ့ကြည့်လိုက်၏။ တစ်နေကုန် ဈေးဝယ် လျှောက်လည်နှင့် နောက်ဆုံး ဦးပိန်တံတားကို ဝေးတို့ ရောက်လာခဲ့ကြတာပါ။

"ဗီဒီယိုရိုက်နေတာလားမသိဘူး"

"ဖြစ်နိုင်တယ်၊ လာ ... မဝေး၊ သွားကြည့်ရအောင်"

"ဘွားဘွားကို စောင့်ခေါ်ဦးမယ်လေ"

"ထားလိုက်စမ်းပါ၊ ဒီအရွယ်ကြီးကို ဘယ်သူက ရည်းစားစကား လိုက်ပြောမှာ လဲ"

"ဟဲ့! ဒီလိုတော့ ဟုတ်မလား။ ဘွားဘွားက အသက်ကြီးနေပြီ။ လူငယ်တွေလို စိတ်သွားလို့ ကိုယ် မပါဘူး"

ကြယ်စင်က မဲ့ခနဲလုပ်၍ ...

"ရိုက်သတ်တောင် မသေနိုင်သေးတာကို"

"ကြယ်စင်"

ဝေးအသံက ကျယ်သွား၏။ ဘွားဘွားကို ကြယ်စင့်အနေနဲ့ ဒီစကားမျိုး ပြောသင့်ပြောထိုက် သလား။

"နင် ဘွားဘွားကို အဲဒီလို မပြောပါနဲ့ ။ နင်သွားချင်ရင်သွား။ ငါ ဘွားဘွားကို စောင့်ခေါ်မယ်"

"ပြီးရော"

ကြယ်စင် လှစ်ခနဲ ပြေးထွက်သွားလေသည် ။ ဝေးတို့ ညီအစ်မ အခြေအတင်ပြောနေကြတာကို မမှိန်မသုန်ငေးကြည့်နေသူတစ်ဦး ရှိနေတာကို ဝေးတို့ ကတော့ မသိပေ။

"မြေး"

"ဘွားဘွား လျှောက်နိုင်သေးရဲ့ လား၊ မောရင်ပြောနော်။ မြေးချီခေါ်သင့်ခေါ်မယ်။ ဟဲဟဲ ..."

ဒေါ်သင်းသင်းလဲ့က ကမ်းပေးတဲ့ မြေးလက်ကလေးကို ဆုပ်ကိုင်ရင်း အပြုံးလေးမြမြနှင့် သာ...

"ဒီစကားလေး ကြားရတာနဲ့ တင် အမောပြေနေပါပြီ မြေးရယ်"

လူမလှပေမယ့် စိတ်ထားအလှသည် မျက်နှာကို ကြည်လင်စေ၏ တဲ့ ။ ဒီစကားဟာ ဘယ်သူ့ အတွက် မှန်ကန်နေသလဲဆိုရင်၊ ဝေးမသိတဲ့ လူတစ်ယောက်၏ မျက်ဝန်းထဲမှာ ဝေးရဲ့ မျက်ဝန်းလေး တွေက တစ်မျိုးတောက်ပရွှန်းလဲ့နေပေလိမ့်မည်။

"ကြယ်စင်ရော"

"လူတွေ အုပ်အုပ်ကျက်ကျက်ဖြစ်နေတာကို သွားကြည့်တယ်လေ"

"နောက်မှာ ပြောနေကြတာ ဘွား ကြားခဲ့တယ်။ ဒီတံတားပေါ်မှာ ဗွီဒီယိုရိုက်နေကြတာတဲ့ ။ မြေးလည်း သွားကြည့်လေ။ ဘွား ဒီက စောင့်နေမယ်"

"ဘွားကိုထားခဲ့ပြီး မကြည့်ချင်ပါဘူး"

"ဩော် ... မေးရယ်၊ ဒါမျိုးက မြင်ရခဲတယ်။ သွားကြည့်ပါ။ သွား ... သွား"

"ဝေးကိုမြင်ရင် မင်းသား လန့်ပြေးနေပါ့မယ် ဘွားရဲ့"

"လန့်မပြေးဘဲ ငေးခနဲကြည့်တာမျိုးရော မဖြစ်နိုင်ဘူးလား"

ထိုစကားကိုပဲ လူရှင်တော် ပြက်လုံးထုတ်သလို ဝေးက ဟက်ဟက်ပက်ပက်ကလေး ရယ်နေ၏။

"ကဲ! မင်းသမီးအခန်းရိုက်ပြီးသွားပြီ၊ မင်းသား ရောက်လာတဲ့အခန်း ရိုက်တော့မှာ မို့ လူနည်းနည်းရှင်းပေးကြပါ"

အော်သံတစ်ချက်ကြောင့် လူအုပ်ကြီးမှာ လမ်းရှင်းပေးသလို ဟိုတစ်စု ဒီတစ်စု ရွှေ့လျားပေးနေကြ၏။ ဝေးနှင့် ဘွားဘွားမှာ သာ ကြောင်တောင်တောင်နှင့် ရပ်နေဆဲ။

ထိုစဉ်...

ဒူးကျဘောင်းဘီနှင့် လူတစ်ယောက် ဝေးတို့ ဆီသို့ ဦးတည်လာရင်း . ..

"ဟိုကောင်မလေး, ဖယ်လေ၊ မင်းသားလာမယ့်လမ်း တည့်တည့်မှာ ဘာရပ်လုပ်နေတာလဲ"

"ဟင်!"

ဝေးဖယ်ပေးဖို့ ဘွားဘွားကိုငဲ့ကြည့်တော့ ဘွားဘွားက ဝေးအနားမှ မရှိတော့။ ဝေး ကမန်း ကတန်းနှင့် ရှောင်ရှားဖို့ အလှည့်တွင် ...

"အင့်!"

“ဆောရီး … ကန်တော့နော်”

လက်အုပ်ချီပြီး တောင်းပန်လိုက်မိတဲ့ ဝေးအဖြစ်က အူကြောင်ကြောင်နိုင်လွန်းလှပေမယ့် …

တစ်ဖက်က ဝင်တိုက်ခံရသူရဲ့ ခွင့်လွှတ်အပြုံးကိုတော့ ဝေး မော့မကြည့်အားလိုက်ပါ။ ရိုက်ကွင်းနှင့်လွတ်ရေးသာ အလျင်အမြန်သွားလိုက်ရ၏။

“ဟာ! မင်းသားကိုမှ ဝင်တိုက်ရတယ်လို့ ။ မင်းသား ဘာဖြစ်သွားသေးလဲ”

“ဘာမှ မဖြစ်ပါဘူး”

“ဒီကောင်မလေးပုံစံကိုက ရှုပ်ပြာရှုပ်ပြာနဲ့ ”

“သူလည်း မတော်တဆ တိုက်မိတာပဲဗျာ။ ကဲ! စလိုက်ကြရအောင်”

ဝေး တစ်နေရာရောက်မှ ပဲ မင်းသားဆိုသူကို သေသေချာချာကြည့်ဖြစ်၏။ တော်တော် ချောတာပဲ။ ဝေးက ကိုရီးယားကားတွေပဲ ကြည့်တတ်သူမို့ မြန်မာမင်းသားတွေကို လူစုံ အောင် မသိပေ။ ကိုရီးယားမင်းသားဆို ဘေရောင်ဂျွန်း၊ ကွမ်ဆိုင်ဝူးတို့ ဆို ဝေးရဲ့ အသည်းစွဲ။

မြန်မာကားဆို မမလဝန်းနဲ့ ကြယ်စင်တို့ သာ ကြည့်ပြီး ဝေးက မကြည့်။ ဒီလို မတူညီခဲ့တာ လည်း မျက်နှာချင်းဆိုင်ကြတာနဲ့ ဝေးကို ဖိဖို့ နှိပ်ဖို့ ခိုင်းဖို့ ပဲ ဆီလိုအပေါက်ရှာနေကြသဖြင့် မဆုံမိအောင် ရှောင်ရင်းပဲ အကြိုက်ချင်းတွေ ကွဲပြားခဲ့ကြတာပါ။

အခု ကြည့်စမ်း! …

မင်းသားဆိုတဲ့ လူ။ ချောလိုက်တာမှ မှုန်ညက်နေတာပဲ။

“မဝေး”

“ဟင်”

ကြယ်စင်, ဝေးအနားသို့ ပြန်ရောက် လာပြီး ...

“အဲဒါ ကြယ်စင်တို့ အသည်းစွဲ မင်းသားပေါ့။ ချောတယ်နော်၊ အပြင်မှာ ပိုပြီးချောတာ”

ကြယ်စင်တို့ အသည်းစွဲတဲ့ ။

ဒါဆို ...

မေမေကအစ တစ်လင်းတည်းလင်းနေတဲ့ မင်းသားများ လား ...

“အိမ်ရောက်ရင် မေမေနဲ့ မမကို ကြွားရဦးမယ်။ အဟိ”

“အလင်းအိမ်ဆိုတာလား”

“ဟုတ်တယ်လေ၊ အဲဒါ အလင်းအိမ်ပေါ့”

“သြော်”

ထိုမျှနှင့် စကားစပြတ်ပြီး ရိုက်ကွင်းကိုပဲ ငြိမ်သက်စွာ ကြည့်နေမိကြ၏။ နောက်ဝေး ‘ဝေး’ မတ်တပ်ရပ်ရတာ ခြေထောက်တွေ ညောင်းလာသဖြင့် ကားပေါ်က စောင့်မည်ဟု ဆိုကာ ကားဆီသို့ ပြန်လာခဲ့သည် ။

ဘွားဘွားပါနေတော့ ကားနဲ့ ပဲ လာခဲ့ရတာပေါ့။ ဘွားဘွားနှင့် ကြယ်စင်က ကြည့်ကျန်ခဲ့ဆဲမို့ ဝေးတစ်ယောက်တည်း ဟိုကြည့်ဒီကြည့်နှင့် လျှောက်လာခဲ့စဉ် ...

“ဟောတော့”

“ဟင်!”

အာမေဋိတ်သံတစ်သံကြောင့် ဝေး ငဲ့ကြည့်လိုက်တော့

"ဒုက္ခပါပဲ၊ အရေးထဲကျမှ ဒီဖိနပ်က ပြတ်ရပြန်ပြီ"

ဝေး ဖိနပ်ပြတ်သွားသော မမလှလှဆီသို့ လျှောက်သွားလိုက်၏။ သူများ ဒုက္ခရောက်နေတာကို မြင်ရင် ဝေးအကျင့်က တစ်ခုခုတော့ ကူညီလိုက်ရမှ ။

"မမ ဖိနပ်ပြတ်သွားတာလား"

"ဩော် ... အင်း ... ဟုတ်တယ် ညီမလေးရဲ့ ။ ဒီဖိနပ်ကလည်း လူအများကြီးရှေ့ကျမှ အရှက်ခွဲတာ"

"မမ ခြေထောက်က ဝေးခြေထောက်နဲ့ နံပါတ်တူမယ် ထင်တယ်"

"အင်"

မမလှလှက ဝေးခြေထောက်နဲ့ သူမခြေထောက်ကို တစ်လှည့်စီကြည့်နေဆဲ၊ ဝေး သူမ စီးထား သည့် ဖိနပ်ကလေးကို ချွတ်လျက် ...

"ဝေးဖိနပ်ကို မမ စီးသွားလေ၊ မမ ဖိနပ်လောက်တော့ တန်ဖိုးကြီးမှာ မဟုတ်ဘူး ။ လောလော ဆယ် မမသွားရေးလာရေး အဆင်ပြေသွားအောင် ပြောတာပါ"

"မဟုတ်တာ ညီမလေးရယ်၊ ညီမလေးဖိနပ်ကို မမစီးသွားရင် ညီမလေးက ခြေထောက်ချည်း ဖြစ်သွားမှာ ပေါ့"

"ရပါတယ် မမ၊ စီးသွားပါ။ မမကလှတော့ လူတွေက ဆံဖျားကနေ ခြေဖျားအထိ အသေးစိတ် ကြည့်ကြမှာ လေ။ ဖိနပ် မပါလို့ ဘယ်ဖြစ်ပါ့မလဲ။ ဝေးကျတော့ အရုပ်ဆိုးလို့ ဘယ်သူကမှ ဂရုတစိုက် ကြည့်မှာ မဟုတ်ဘူး ။ ကြည့်မိလို့ သိရင်လည်း ရယ်ရုံအပြင် တိုးမရှိပါဘူး"

"အိုကွယ်"

စိတ်မကောင်းသလို တိုးတိုးညက်ညက်အသံလေး ထွက်သွားပြီး ဝေးကို ခပ်ငေးငေးလေး ကြည့်လိုက်တော့ ...

ဝေး ...

မမလှလှကို ပြုံးပြလိုက်ကာ ...

"စီးသွားပါ မမရဲ့ ၊ အားမနာပါနဲ့ "

"ကျေးဇူးပါပဲ ညီမလေးရယ်၊ ဒါနဲ့ ညီမလေးက ရိုက်ကွင်းရှိတယ်ကြားလို့ လာကြည့်တာ လားဟင်"

" မဟုတ်ဘူး မမ၊ ဝေးတို့ လျှောက်လည်ကြရင်း ဒီကို ရောက်လာတာပါ။ ဝေးက မြန်မာကား တွေ သိပ်မကြည့်တော့ မြန်မာမင်းသားမင်းသမီးတွေကို သိပ်မသိဘူး။ အခုရိုက်နေတဲ့ မင်းသား မင်းသမီးတောင် မင်းသမီးကိုတော့ သိတယ်၊ မင်းသားကို ဝေး မသိဘူး"

"မင်းသားက အလင်းအိမ်လေကွယ်"

"ဝေးက ကိုရီးယားကားတွေပဲ ကြည့်တာ မမရဲ့ "

"ဪ"

ဝေးက ပွင့်လင်းစွာ ဝန်ခံတော့ တစ်ဖက်က အပြုံးသည် ပန်းလေးတစ်ပွင့်လို နူးညံ့သိမ်မွေ့ နေ၏။

"ညီမလေးနာမည်က ဝေးတဲ့ လား"

"ရောင်ခြည်ဝေးပါ မမ"

"မမရဲ့ နာမည်က ဖယောင်းသွင်တဲ့ ၊ မှတ်ထားနော်၊ နောက်လမ်းမှာ တွေ့ရင် ခေါ်ပေါ့ကွယ်"

"ဟုတ်ကဲ့ မမ"

"ကဲ! မမသွားမယ်နော်၊ မမကို ကူညီတဲ့ ညီမလေးကို မမ ကျေးဇူးမ မေ့ပါဘူးကွယ်"

ပြုံးပြနှုတ်ဆက်သွားတဲ့ မမရဲ့ နောက်ကျော်ကို ဝေး ဝေးမောကာ ကျန်ရစ်ခဲ့၏။

ဖယောင်းသွင်တဲ့ ...

နာမည်နှင့်လိုက်အောင်ပဲ နူးညံ့ပျော့ပျောင်းစွာ လှပချောမောနေသူ။ ကုသိုလ်ထူးလိုက်တဲ့ မမရယ်။ ဝေးသာ ယောက်ျားလေးဆိုရင် မမရဲ့ အလှကြောင့် သိဝိဘုရင်လို ရူးသွပ်သွားမိလေ မလားပဲ။

မတူညီကြတဲ့ ကုသိုလ်ကံတွေကြားမှာ ...

ဝေးကတော့ တစ်ခါတစ်ခါ ကိုယ့်ဇာတာ ကိုယ်ကျိန်ဆဲပစ်လိုက်ချင်၏။ မေတ္တာတစ်ခုလပ် မလေး ရောင်ခြည်ဝေးရဲ့ ရုပ်ကတော့ ညီအစ်မတွေကြားမှာ ပင် ဖျိုင်းအုပ်ထဲကျလာတဲ့ ဥသြ တစ်ကောင်လိုပေါ့။

မမနဲ့ ယှဉ်လိုက်ရင်တော့ ...

ကျီးကန်းက ဘဲဥကို ချီသလိုပဲ ဖြစ်တော့မှာ ပေါ့။

*